# ဓမ္မဖြင့်ဖြတ်အပ်သော သံယောဇဉ်

ဦးကျော်ဝေယျ



ဖြန့်ချိရေး
"မယ်နှင့်မောင်" စာပေတိုက်
အမှတ် ၁၂၄၊ အခန်း(၁၀)၊ ပထမထပ်
ဆူးလေဘုရားလမ်း၊ ရန်ကုန်မြို့
ဖုန်း-၂၄၃၆၁၄

Generated by CamScanner from intsig.com

စာအုပ်စာတမ်းစာနယ်ဇင်း
ကြိုတင်ပုံနှိပ်ထုတ်ဝေခွင့်ပြုအမှတ်
၃၂၀၇၇၁၀၅၁၀
မျက်နှာဖုံးကြိုတင်ပုံနှိပ်ထုတ်ဝေခွင့်ပြုအမှတ်
၃၂၀၆၇၈၀၅၁၀
မျက်နှာဖုံးဒီဇိုင်း - ဇော်မောင်
ပုံနှိပ်ခြင်း - ပထမအကြိမ်
အုပ်ရေ - ၅၀၀
ပုံနှိပ်ပြီးသည့်လ - ၂၀၀၅ ခုနှစ်၊ ဒီဇင်ဘာလ
တန်ဖိုး - ၅၀၀ ကျပ်
အတွင်းပုံနှိပ်နှင့် - ဦးတင်မောင်ဝင်း (၀၅၉၄၆)
မျက်နှာဖုံးပုံနှိပ် သင်းလဲ့ဝင်းပုံနှိပ်တိုက်
အမှတ်(၁)၊ ဗိုလ်ရာညွန့်လမ်း၊
ယောမင်းကြီးရပ်ကွက်၊
ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ထုတ်ဝေသူ - ဦးကျော်ဇေယျ
စကားပြောနေသူများစာပေ(၀၃၈၄)
အမှတ် ၁၂၄၊ အခန်း ၁၀၊
ဆူးလေဘုရားလမ်း၊ ရန်ကုန်မြို့။

# ဓမ္မဖြင့်ဖြတ်အပ်သော သံယောဇဉ်

## ဦးကျော်ဇေယျ

Generated by CamScanner from intsig.com

## မာတိကာ


| အခန်းစဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| [illegible] | အမှာ | ၁ |
| အခန်း(၁) | သံယောဇဉ် | ၅ |
| အခန်း(၂) | နှောင်ဖွဲ့တတ်သည့်တရားနှင့် နှောင်ဖွဲ့အပ်သည့်တရား | ၁၄ |
| အခန်း (၃) | သံယောဇဉ်မီးဖြင့် လောင်ကျွမ်းနေသူများ | ၁၈ |
| အခန်း (၄) | သတ္တဝါတစ်ခု ကံတစ်ခု | ၂၇ |
| အခန်း (၅) | ခန္ဓာငါးပါးနှင့်ယှဉ်သော သံယောဇဉ် | ၃၅ |
| | ကျမ်းကိုးစာရင်း | ၃၉ |


## အမှာ

ဒေသနာတော်အရ ဘဝပေးတာဝန် အနေဖြင့် တာဝန်နှစ်ခု ရှိသည်ဟု သိရှိရသည်။

တစ်ခုမှာ အနစ်နာခံခြင်းဖြစ်သည်။ နောက်တစ်ခုမှာ သူတစ်ပါးအကျိုး ဆောင်ရွက်ခြင်းဖြစ်သည်။

လူ့ဘဝ၏အစသည် ဤတာဝန်နှစ်ခုဖြင့် စခြင်းဖြစ်ပြီး လူ့ဘဝ၏အဆုံးသည်လည်း ဤတာဝန်နှစ်ခုဖြင့်ပင် အဆုံးသတ်သည်။

မွေးဖွားခြင်းအစတွင် မိခင်သည် ဤတာဝန်နှစ်ရပ်ကို ထမ်းခဲ့ရသည်။ ထိုသူ သေဆုံးသောအခါတွင်လည်း ဤတာဝန်နှစ်ရပ်ဖြစ်သည့် အနစ်နာခံခြင်းနှင့် သူတစ်ပါးအကျိုး ဆောင်ရွက်ခြင်းတို့အတွက်သာ ကျန်ရစ်သည်။

ဘဝအစနှင့်အဆုံးသည် နယ်သတ်မျဉ်းဖြစ်သည်။ ဘဝအစနှင့်အဆုံးကြားရှိ နယ်သတ်မျဉ်းအတွင်း မိမိတို့သည် အသာစံခြင်းနှင့် ကိုယ်ကျိုးစီးပွားပြုခြင်းတို့ဖြင့်

Generated by CamScanner from intsig.com

ဘဝအိုးအိမ်ကို ယောင်တိယောင်မှား အခိုင်အမာ တည်ဆောက်ကြသည်။

ငါ့ပစ္စည်း၊ ငါ့ဥစ္စာ၊ ငါ့လင်၊ ငါ့သား၊ ငါ့မယား လုပ်ခဲ့ကြသည်။

ရှေ့ကသွားနှင့်သူပေါင်း များစွာက လက်တွေ့သင်ခန်းစာပေါင်းများစွာကို သာဓကပြပြနေပါလျက် မိမိတို့မှာ အသိခေါက်ခက် အဝင်နက်ဆဲ .....။

ပျံ့လွင့်မှု(ဥဒ္ဓစ္စ)၊ ပျက်စီးစေလိုမှု(ဗျာပါဒ)၊ ယုံမှားမှု(ဝိစိကိစ္ဆာ)၊ အမှားယူမှု(သက္ကာယဒိဋ္ဌိ)၊ မသိမှု(အဝိဇ္ဇာ)တို့နှင့် အချိန်တွေ ကုန်လွန်နေခဲ့ကြသည်။

အဆိုးဝါးဆုံးမှာ လိုချင်မှု(ကာမစ္ဆန္ဒ)၊ ထောင်လွှားမှု(မာန) ကိုင်စွဲခြင်းပင်ဖြစ်သည်။

ယင်းတို့က အသာစံခြင်းနှင့် ကိုယ်ကျိုးစီးပွားပြုခြင်းကို အားပေးအားမြှောက်ပြုသည်။ ဟုတ်ဟုတ်တန်တန် မိမိကိုယ်မိမိ မှတ်ထင်စေခဲ့သည်။

စင်စစ် ကာမစ္ဆန္ဒဟူသည် အပူမီးဖြစ်သည်။ ထောင်လွှားမှုဟူသည် ပင့်လေဖြစ်သည်။ သင်တို့ မီးလောင်ရာလေပင့်ခံနေရသည်ကို သင်တို့မသိ။ ထိုသို့ မသိခြင်းမှာ သင်တို့သည် ပျံ့လွင့်မှု၊ ယုံမှားမှု၊ အမှားယူမှု၊ မသိမှုများ၊ ကြိုးများ အတုတ်အနှောင်ခံနေရ၍ဖြစ်သည်။



သံယောဇဉ်ကြိုး(၁၀)ကြိုးရှိသည်။ ယင်းတို့မှာ -

(၁) အယူမှားမှု (သက္ကာယဒိဋ္ဌိ)

(၂) ယုံမှားမှု (ဝိစိကိစ္ဆာ)

(၃) သီလအကျင့်ကို အမှားသုံးသပ်မှု

(သီလဗ္ဗတပရာမာသ)

(၄) ကာမဂုဏ်လိုချင်မှု (ကာမစ္ဆန္ဒ)

(၅) ပျက်စီးစေလိုမှု (ဗျာပါဒ)

(၆) ရူပဘုံ၌တပ်စွန်းမှု (ရူပရာဂ)

(၇) အရူပဘုံ၌တပ်စွန်းမှု (အရူပရာဂ)

(၈) ထောင်လွှားမှု (မာန)

(၉) ပျံ့လွင့်မှု (ဥဒ္ဓစ္စ)

(၁၀) မသိမှု (အဝိဇ္ဇာ) တို့ဖြစ်သည်။

ယင်း သံယောဇဉ်ကြိုး (၁၀)ကြိုး ရှိသည့်အနက် (၅)ကြိုးသည် အောက်ဘုံအတွက်ဖြစ်ပြီး ကျန်(၅)ကြိုးသည် အထက်ဘုံအတွက်ဖြစ်သည်။

အဆိုပါကြိုးများအနက် အနည်းဆုံး အောက်ဘုံအတွက်ဖြစ်မည့် ကြိုး(၅)ကြိုးကို မိမိတို့ဖြတ်ကြရပေလိမ့်မည်။ ထိုသို့ဖြတ်ရာတွင် ဓမ္မဖြင့်သာဖြတ်၍ရသည်။

မည်သည့်အတွက် ထိုကြိုးများ ဖြစ်ပေါ်လာရသည်၊ မိမိတို့ မည်သည့်အတွက် ထိုကြိုးများဖြင့် အရှုတ်ခံနေကြရသည်၊ ထိုကြိုးများကို မည်သို့ဖြတ်ရမည်ဆိုသည်ကို ဤစာအုပ်ဖြင့် ကြိုးစားအားထုတ်ကြည့်ခြင်းဖြစ်သည်။

## အခန်း(၁)

## သံယောဇဉ်

**သံယောဇနေတ္တိဗန္ဓန္တိ** - နှောင်ဖွဲ့တတ်ကုန်၏။
**ဣတိ** - ကြောင့်။
**သံယောဇနာနိ** - သံယောဇဉ်မည်၏။

သံယောဇဉ် ဆိုသည်မှာ သံယောဇန ဟူသော ပါဠိစကားကလာခြင်းဖြစ်သည်။ အနှောင်အဖွဲ့ ဟူ၍ အဓိပ္ပာယ်ရသည်။

သံယောဇဉ်ကို “ကြိုး” ဟူ၍ ခေါ်ရိုးရှိသည်။ ထိုသို့ ခေါ်ရိုးရှိသည့်အတိုင်း ကြိုးဖြင့်ဖွဲ့ချည်ထားသကဲ့သို့ မိမိကိန်းရာ သတ္တဝါကို သံသရာဝဋ်မှ မလွတ်ရအောင် ချည်နှောင်တတ်သည်။ ထို့ကြောင့် ယင်းကို သံယောဇဉ် ဟုခေါ်ခြင်းဖြစ်သည်။

“သံယောဇဉ် ဟူသည်မှာ သတ္တဝါတို့၏ ဘဝနှင့် ပတ်ဝန်းကျင်ကို ချည်နှောင်ထားသောကြိုးများ ဖြစ်၏။ ပတ်ဝန်းကျင်တွင် သက်ရှိလည်းပါ၏။ သက်မဲ့လည်း ပါ၏။ ထို့ကြောင့် သတ္တဝါတို့သည် မိမိတို့ဘာသာ မိမိတို့ ဆန္ဒအတိုင်း နေနိုင်ကြသည်မဟုတ်။ သံယောဇဉ်ကြိုး

Generated by CamScanner from intsig.com

များက နှောင်ဖွဲ့ထားခြင်းကြောင့် ပတ်ဝန်းကျင်အတိုင်း လိုက်၍နေရခြင်းဖြစ်၏။

သို့ဖြစ်လေရာ ပတ်ဝန်းကျင်ကလှုပ်လျှင် အချင်းချင်း နှောင်ဖွဲ့ထားမှုကြောင့် မိမိလည်းလှုပ်၏။ ပတ်ဝန်းကျင်က ငြိမ်လျှင် မိမိလည်းငြိမ်၏။ ထို့နည်းအတူပင် မိမိကလှုပ်လျှင် ပတ်ဝန်းကျင်ကလှုပ်၏။ မိမိကငြိမ်လျှင် ပတ်ဝန်းကျင်ကငြိမ်၏။

ကမ္ဘာအဝန်းရှိ ပုဂ္ဂိုလ်တစ်ယောက်က ရွံရှာဖွယ် အပြုအမူကို ပြုသည်ဆိုလျှင် ထိုအခါ ထိုပုဂ္ဂိုလ်နှင့် မိမိကို ဆက်ထားသော ဒေါသ သံယောဇဉ်ကြိုးသည် တင်း၏။ ထို့ကြောင့် ထိုပုဂ္ဂိုလ်ကို မိမိက မမြင်ဖူးပါလျက် မုန်းတီး၏။ အကယ်၍ နှစ်သက်ဖွယ် အပြုအမူကို ပြုသည်ဆိုလျှင် ထိုပုဂ္ဂိုလ်နှင့် မိမိကို ဆက်ထားသော လောဘသံယောဇဉ်ကြိုးသည် တင်း၏။ ထို့ကြောင့် ထို ပုဂ္ဂိုလ်ကို မိမိမမြင်ဖူးပါဘဲလျက် ချစ်၏။

သို့ဖြစ်လေရာ လူသည် မိမိနှင့်ပတ်ဝန်းကျင် ဘာမှ မဆိုင်ဟူ၍ ထင်ပါသော်လည်း ထိုအထင်သည် အထင်မျှသာဖြစ်သည်။ အမှန်မဟုတ်။ အမှန်အားဖြင့် ဗုဒ္ဓ ဒေသနာတော်အရ သံယောဇဉ်ကြိုးများက ဖွဲ့နှောင်ထားမှုကြောင့် မိမိသည် ပတ်ဝန်းကျင်နှင့်ဆိုင်၏။ ၃၁-ဘုံနှင့် ဆိုင်၏။ ထိုသို့ဆိုင်ခြင်းမှာ မိမိနှင့် ပတ်ဝန်းကျင်ကို သံယောဇဉ်ကြိုးများဖြင့် ချည်နှောင်ထားသောကြောင့် ဖြစ်၏။ ဘဝနှင့် ပတ်ဝန်းကျင်ကို ဖွဲ့နှောင်ထားသော သံယောဇဉ်ကြိုးဟူသည်မှာလည်း မဂ်ဖြင့် မဖြတ်တောက်နိုင်သရွေ့ ကာလပတ်လုံး မိမိ၏သန္တာန်၌ ရှိနေမည်သာ ဖြစ်၏။



အကယ်၍ မိမိသည် သံယောဇဉ်ကြိုးအားလုံးကို ဖြတ်တောက်ပြီးသော ရဟန္တာဖြစ်လျှင်သာ မိမိနှင့် ပတ်ဝန်းကျင် ဘာမျှမဆိုင်ခြင်းဖြစ်၏။ မိမိ၏ ကိုယ်ပိုင် ဥစ္စာကို သူတစ်ပါးက မတော်မတရား ယူသွားလျှင်လည်း မိမိအနေဖြင့် မလှုပ်။ မိမိ၌ နှမြောတသခြင်းမဖြစ်။ အဘယ်ကြောင့်ဆိုသော် မိမိနှင့် မိမိပစ္စည်းကို ချည်နှောင် ထားသော လောဘသံယောဇဉ်ကြိုးကို မိမိအနေဖြင့် ဖြတ်တောက်ပြီးဖြစ်သောကြောင့် မိမိ၏ ကိုယ်ပိုင်ဥစ္စာ နှင့် မိမိသည် ကြိုးအားလုံး ပြတ်နေသောကြောင့် ရုပ်သေး ရုပ်သဖွယ် ဖြစ်သဖြင့် မလှုပ်ခြင်းဖြစ်၏။ နှမြောတသမှု မရှိခြင်းဖြစ်၏။ ဥစ္စာပစ္စည်းနှင့် သူတစ်ပါးက လှုပ်သော်လည်း မိမိက လိုက်၍မလှုပ်။

ထို့နည်းအတူ ဒေါသသံယောဇဉ်ကြိုး ပြတ်နေလျှင်လည်း မည်သည့်ပုဂ္ဂိုလ်အပေါ်မှ ဒေါသမဖြစ်။ မုန်းတီးစိတ် မဖြစ်။ အမှန်အားဖြင့် မုန်းတီးခြင်း၊ ပူပန်ခြင်း၊ ချစ်ခြင်း စသည်တို့မှာ မိမိနှင့် ပတ်ဝန်းကျင်ကို ချည်နှောင်ထားသော သံယောဇဉ်ကြိုးများ၏ သဘာဝ ဖြစ်၏။ ယင်းတို့က တင်းသဖြင့် အချင်းချင်း တစ်ခုက လှုပ်လျှင် အခြားတစ်ခုက လိုက်၍လှုပ်ခြင်းဖြစ်၏။ လက်တွေ့အားဖြင့်လည်း ဤသဘောကို ကမ္ဘာ့ဖြစ်စဉ် များ၌ တွေ့နိုင်၏။ ထိုသို့ တွေ့နိုင်သော်လည်း 'မဆိုင်ဘဲနှင့် ကြားကဝင်ရှုပ်တယ်' ဟူ၍ အထင်မှားတတ်ကြ၏။ ဤသည်မှာ အထင်မှားသည့်အတိုင်းမဟုတ်၊ သဘာဝ အတိုင်း အမှန်ဖြစ်ခြင်းဖြစ်၏။

သံယောဇဉ် ကြိုးများသည် မြင်နိုင်ခဲပေစွ၊ အရဟတ္တမဂ်ဖြင့် မဖြတ်နိုင်သေးသရွေ့ ကာလပတ်လုံး မိမိသည် ပတ်ဝန်းကျင်နှင့် သံယောဇဉ်ကြိုးများ၏ နှောင်ဖွဲ့မှုကြောင့် ဆိုင်နေဦးမည်သာဖြစ်၏။ အကယ်၍ အရဟတ္တမဂ်ကိုရသဖြင့် သံယောဇဉ်ကြိုးများ ပြတ်သွားသောကြောင့် ပတ်ဝန်းကျင်လှုပ်တိုင်း မိမိက လိုက်မလှုပ်သော်လည်း သံယောဇဉ်ကြိုးများ မပြတ်သေးသော ပတ်ဝန်းကျင်ကမူ မိမိလှုပ်တိုင်း လိုက်၍လှုပ်မည်ဖြစ်၏။ ဤသို့ သိအပ်၏။ ဤသို့ သိခြင်းသည် ယထာဘူတ ကျသော သိခြင်းမည်၏ " ဟူ၍ ဦးရွှေအောင်က ကိုယ်ကျင့်ဗုဒ္ဓဝင်စာအုပ်တွင် ရေးသားထားသည်။ တဖန် ဦးရွှေအောင်ကပင် သူ၏ အတ္တဝါဒဆိုသည့်စာအုပ်တွင် သံယောဇဉ်နှင့်ပတ်သက်၍ ရေးသားထားသည်မှာ -

"ကာမဘုံက ချည်နှောင်သော ကြိုးများတွင် ချစ်ခြင်းနှင့် မုန်းခြင်းတို့လည်း ကြိုးများအဖြစ် ပါဝင်၏။ ထိုထိုအရပ်ဒေသ၌ ဖြစ်လိုခြင်း၊ ထိုထိုပုဂ္ဂိုလ်များနှင့် အတူတကွ နေလိုခြင်းသည် ကြိုးများပင် ဖြစ်သည်။ မုန်းတီးခြင်းသည်လည်း ကြိုးပင်ဖြစ်သည်။ ပေဖြစ်လျှင် ခံ၊ တူဖြစ်လျှင်ထု ဟူသော ခံယူချက်သည် သံသရာ၌ အတုံ့အလှည့်အနေဖြင့် တွေ့ဆုံရန် ကာမဘုံက ချည်နှောင်ထားသည့်ကြိုး ဖြစ်ပါသည်။ ထိုကြိုးကို ဖြတ်တောက်ရန် အတုံ့အလှည့်ရှိလျှင် ကျေပါစေ ဟူ၍ ဆုတောင်းတတ်ကြပါသည်။ ဗြဟ္မာဘုံက ချည်နှောင်သောကြိုးများတွင်မူ မုန်းတီးခြင်း၊ ဒေါသဖြစ်ခြင်းမရှိချေ။ အဘယ်ကြောင့်ဆိုသော် ဗြဟ္မာတို့သည် မိမိတို့၏ဈာန်



စိတ်ဖြင့် ဒေါသကြိုးကို ဝိက္ခမ္ဘနပဟာန်ဖြင့် ဖြတ်တောက်ထားခဲ့ရာ ဗြဟ္မာဘုံ၌ ဒေါသမပေါ်သောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် ဗြဟ္မာတို့သည် ကာမဘုံ၌ဖြစ်သော ကာလက တစ်ဦးနှင့်တစ်ဦး ဒေါသကြိုးဖြင့် ချည်နှောင်ခဲ့ဖူးပါက မိမိတို့အချင်းချင်း လက်စားချေရန် ဗြဟ္မာဘုံ၌ တွေ့ဆုံခွင့်မရဘဲ ကာမဘုံ၌သာ ပြန်လည်တွေ့ဆုံခွင့်ရမည်ဖြစ်ပါသည်။ ဒေါသကြိုးသည် ဗြဟ္မာဘုံက ချည်နှောင်သောကြိုးမဟုတ်ဘဲ ကာမဘုံက ချည်နှောင်ထားသောကြိုး ဖြစ်သဖြင့် ကာမဘုံ၌ ပြန်လည်တွေ့ဆုံကြခြင်း ဖြစ်ပါသည်။

သံယောဇဉ်ကြိုးများသည် အားလုံး အဆိုးချည်း မဟုတ်ချေ။ အကျိုးမဲ့ကို ပြုတတ်သောကြိုးသည် အဆိုးဖြစ်၍ အကျိုးစီးပွားကို ပြုတတ်သော ကြိုးသည် အကောင်းဖြစ်ပါသည်။ ပန်းတိုင်သဘောရှိလျှင် အဆိုး၊ လမ်းစဉ်နှင့် လမ်းကြောင်းသဘောရှိလျှင် အကောင်း ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် သမုဒ္ဒရာပြင်ကျယ်၌ လက်ပစ်ကူးရင်း လက်ပန်းကျနေသူများသဖွယ် ဖြစ်ကြပါ၏။ ကျွန်ုပ်တို့ထံ မျောလာသော ခွေးသေကောင်ပုပ်ကို မြတ်နိုးစရာအဖြစ် မတွယ်တာသင့်သော်လည်း ကမ်းသို့ ရောက်နိုင်ရန် အမှီသဟဲအဖြစ် တွယ်တာရမည် ဖြစ်ပါသည်။ ခွေးသေကောင်ပုပ်ကို မှီတွယ်ရင်း ကမ်းသို့ကူးရမည်ဖြစ်ပါသည်။ ကမ်းသို့ကူးစရာ အကူအညီပစ္စည်းအဖြစ် အသုံးပြုရမည်ဖြစ်ပါသည်။ သို့မှသာ ကျွန်ုပ်တို့သည် ကမ်းသို့ ချောမောစွာ ရောက်နိုင်မည်ဖြစ်ပါသည်။

Generated by CamScanner from intsig.com

ကျွန်ုပ်တို့သည် လောကသားများ ဖြစ်ကြပါသည်။ လောကသားများ ဖြစ်ကြသည့်အလျောက် တစ်ဦးတည်း၊ တစ်ယောက်တည်းအနေဖြင့် အထီးကျန် နေ၍မရ။ အသင်း၊ အပင်း၊ အအုပ် အစုဖြင့်သာ နေကြရမည် ဖြစ်ပါသည်။ ယဉ်ကျေးမှုသဘောအရ မြို့ရွာတည်ထောင်၍ နေရမည်ဖြစ်ပါသည်။ ထိုသို့နေသောအခါ ကျွန်ုပ်တို့သည် မိမိတို့၏ အပေါင်းအသင်းများအပေါ်၌လည်း သံယောဇဉ်ထားရပါမည်။ မိမိတို့မြို့ရွာအပေါ်၌လည်း သံယောဇဉ်ထားရပါမည်။ သို့ရာတွင် ထိုသံယောဇဉ်ကို မိမိအတွက် သိမ်းပိုက်ခံစားရန် (ဂဟဏတ္ထ) အလို့ငှာ အသုံးမပြုဘဲ လောကအတွက် အကျိုးပြုရန်၊ လောက၌ တရားဓမ္မ လွှမ်းမိုးစေရန်၊ သံသရာမှ လွတ်မြောက်ရန် (နိတ္ထရဏတ္ထ)အလို့ငှာ အသုံးပြုရပါမည်။ ထိုသို့ အသုံးပြုမှုသာ ထေရဝါဒနှင့်ညီသော အသုံးပြုမှု ဖြစ်ပါသည်။ ထိုသို့ အသုံးပြုရန်အတွက်ထားသော သံယောဇဉ်သည် ကောင်းသောသံယောဇဉ်ဖြစ်ပါသည်။ ထိုသံယောဇဉ်မျိုးကို ထားထိုက်သောသံယောဇဉ် **(သေဝိတဗ္ဗ သံယောဇဉ်)** ဟု ကျမ်းဂန်များ၌ ဆိုပါသည် ... ဟူ၍ဖြစ်သည်။

သံယောဇဉ်ကြီး(၁၀)ကြီးရှိသည့်အနက် အောက်ဖော်ပြပါ ကြီး(၅)ကြီးသည် အောက်ဘုံအတွက်ဖြစ်သော သံယောဇဉ်ကြီးများဖြစ်သည်။

(၁) အယူမှားမှု (သက္ကာယဒိဋ္ဌိ)

(၂) ယုံမှားမှု (ဝိစိကိစ္ဆာ)

(၃) သီလအကျင့်ကို အမှားသုံးသပ်မှု (သီလဗ္ဗတပရာမာသ)



(၄) ကာမဉ္ဆလိုချင်မှု (ကာမစ္ဆန္ဒ)

(၅) ပျက်စီးစေလိုမှု (ဗျာပါဒ)

အောက်ဖော်ပြပါ ကြီး(၅)ကြီးသည် အထက်ဘုံအတွက်ဖြစ်သော သံယောဇဉ်ကြီးများဖြစ်သည်။

(၁) ရူပဘုံ၌တပ်စွန်းမှု (ရူပရာဂ)

(၂) အရူပဘုံ၌တပ်စွန်းမှု (အရူပရာဂ)

(၃) ထောင်လွှားမှု (မာန)

(၄) ပျံ့လွင့်မှု (ဥဒ္ဓစ္စ)

(၅) မသိမှု (အဝိဇ္ဇာ) တို့ဖြစ်သည်။

အမှားယူမှု(သက္ကာယဒိဋ္ဌိ) ဖြစ်သည်ဆိုခြင်းမှာ ငါ၊ ငါ့ဥစ္စာဟု ယူဆခြင်း၊ ငါစွဲ,စွဲခြင်းဖြစ်သည်။ ယုံမှားမှု (ဝိစိကိစ္ဆာ) ဖြစ်သည်ဆိုခြင်းမှာ ယုံမှားသံသယဖြစ်ခြင်း ဖြစ်သည်။ အမှန်အပေါ်တွင် ယုံမှားသံသယဖြစ်ခြင်း ဖြစ်သည်။

သီလအကျင့်ကို အမှားသုံးသပ်ခြင်း(သီလဗ္ဗတပရာမာသ)ဖြစ်သည် ဆိုခြင်းမှာ အမြင်မှား၊ အမှတ်မှား၊ အသိမှား၊ အယူမှားခြင်းဖြစ်သည်။

ကာမဉ္ဆ လိုချင်မှု(ကာမစ္ဆန္ဒ)ဖြစ်သည်ဆိုခြင်းမှာ ကာမဂုဏ်၌ တပ်မက်ခြင်းဖြစ်သည်။

Generated by CamScanner from intsig.com

ပျက်စီးစေလိုမှု (ဗျာပါဒ) ဖြစ်သည်ဆိုခြင်းမှာ သူတစ်ပါးအကျိုး ပျက်စီးစေလိုမှုဖြစ်သည်။

ယင်းတို့သည် အောက်ဘုံအတွက်ဖြစ်သော သံယောဇဉ်ကြီးများဖြစ်သည်။ ထို့ကြောင့် ပူလောင်လှသည်။

သံယောဇဉ်ကြီး ဟူသမျှ အဆိုးချည်း ဟူ၍ မဆိုသာ။

သုမေဓာရှင်ရသေ့သည် ဒီပင်္ကရာ မြတ်စွာဘုရားရှင် လက်ထက်တော်က သံယောဇဉ်ကြီး အားလုံးကို ဖြတ်တောက်၍ နိဗ္ဗာန်သို့ဝင်မည်ဆိုက ဝင်ရောက်နိုင်၏။

သို့သော် မြတ်စွာဘုရားသည် လောကသုံးပါး၏ ကျေးဇူးကို ဆပ်လိုသေးသည်။ ထို့ကြောင့်လည်း ဒီပင်္ကရာ မြတ်စွာဘုရား လက်ထက်တော်၌ နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်ပါလျက် မျက်မှောက်ပြုတော်မမူသေးဘဲ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတို့ ကာလပတ်လုံး ပါရမီတော်ကို ဖြည့်ကျင့်တော်မူခဲ့သည်။

လောကတွင် အနိုင်းမဲ့ အနစ်နာခံနိုင်သူဖြစ်ရန်နှင့် လောကတွင် သူတစ်ပါးအကျိုးကို အနိုင်းမဲ့ ဆောင်ရွက်နိုင်သူဖြစ်ရန်ဟူသော ရည်ရွယ်ချက်ဖြင့်ဖြစ်သည်။

ယင်းရည်ရွယ်ချက်အတိုင်း ပါရမီဖြည့်၍ ကျင့်ကြံအားထုတ်ခဲ့၍လည်း အရဟတ္တမဂ်ဉာဏ်တော်နှင့် သဗ္ဗညုတဉာဏ်တော်ကို ရရှိတော်မူခဲ့ခြင်းဖြစ်သည်။



အရဟတ္တမဂ်ဉာဏ်တော်သည် အနိုင်းမဲ့ အနစ်နာခံခြင်း၏ အမည်တစ်မျိုးဖြစ်ပြီး သဗ္ဗညုတဉာဏ်တော်သည် သူတစ်ပါးအကျိုးကို အနိုင်းမဲ့ ဆောင်ရွက်ခြင်း၏ အမည်တစ်မျိုးဖြစ်သည်။

သို့ဖြစ်ရာ သံယောဇဉ်ကြီး (၁၀)ကြီးအနက် ပုထုဇဉ်များအဖို့ အောက်ဘုံအတွက် ဖြစ်စေသည့် သံယောဇဉ်နှောင်ကြိုး (၅)ကြိုးကို မဖြစ်မနေ ဇွဲလုံ့လ သန်သန် မမွှဖြင့် ကြိုးစားဖြတ်တောက်ကြဖို့ဖြစ်သည်။

## အခန်း(၂)
## နှောင်ဖွဲ့တတ်သည့်တရားနှင့် နှောင်ဖွဲ့အပ်သည့်တရား

ဘုရားရှင်လက်ထက်တော်ကာလက စိတ္တသူကြွယ် ဆိုသူသည် ရှိ၏။ သူပိုင်ဆိုင်သော လယ်မြေများသည် အမ္ဗာဋကတောအုပ်၏ ဟိုမှာဘက်တိုင်အောင် တစ်မျှော်တစ်ခေါ် ကျယ်ပြော၏။ လယ်သမားများသည် အမ္ဗာဋကတောအုပ်အနီး၌ မိဂပထကဆိုသည့်အမည်ဖြင့် ရွာတည်ပြီး နေကြကုန်၏။

တစ်ခုသောနေ့လယ်ခင်းတွင် အဆိုပါရွာရှိရာသို့ စိတ္တသူကြွယ် ရောက်ရှိသွားသည်။ ထိုစဉ် အမ္ဗာဋကတောကျောင်းတွင် ရဟန်းများ တရားဆွေးနွေးနေကြသည်ကို တွေ့ရသည်။

ရဟန်းများဆွေးနွေးနေကြသည်မှာ သံယောဇဉ်နှင့် သံယောဇနိယတရား နှစ်ပါးအကြောင်းဖြစ်သည်။ နှောင်ဖွဲ့တတ်သည့်တရားနှင့် နှောင်ဖွဲ့အပ်သည်တရား ဟူ၍ အဓိပ္ပာယ်ရသည်။ အဆိုပါတရားနှစ်ပါးကို အချို့က သဒ္ဒါလည်းကွဲသည်၊ အနက်လည်ကွဲသည်ဟူ၍ဆိုသည်။



အချို့ကမူ အဆိုပါတရားနှစ်ပါးသည် သဒ္ဒါမျှသာကွဲပြီး အနက်အဓိပ္ပာယ်မကွဲ ဟူ၍ဆိုသည်။ နှစ်ဖက်စလုံး မည်သည့်ဘက်ကမျှ မလွှမ်းမိုးနိုင်ဘဲ တဝဲလည်လည် ဖြစ်၍နေသည်။

ထိုအခါ ရဟန်းတော်များကြားတွင် လိပ်ခဲတည်းတည်း ဖြစ်နေသည့်ပြဿနာကို စိတ္တသူကြွယ်က ဥပမာဆောင်၍ ဝင်ရောက်ရှင်းလင်း လျှောက်ထားသည်။

"အရှင်ဘုရားတို့၊ ဥပမာအားဖြင့် နွားဖြူတစ်ကောင်နှင့် နွားမည်းတစ်ကောင်ကို ကြိုးနှင့်ချည်ထားသည် ဆိုကြပါစို့။ ဤတွင် တစ်စုံတစ်ယောက်သောသူက နွားဖြူသည် နွားမည်းအတွက် အနှောင်အဖွဲ့ဖြစ်သည် ဟူ၍လည်းကောင်း၊ နွားမည်းသည် နွားဖြူအတွက် အနှောင်အဖွဲ့ဟူ၍လည်းကောင်းပြောဆိုငြားအံ့၊ ထိုစကားကို မှန်သည်ဟူ၍ အရှင်ဘုရားတို့ လက်ခံနိုင်ကြပါမည်လော" ဟူ၍ မေးလျှောက်သည်။ ထိုအခါ ရဟန်းတို့က "လက်မခံနိုင်ပါ ကျောင်းဒကာ၊ နွားဖြူသည် နွားမည်းအတွက် အနှောင်အဖွဲ့မဟုတ်ပါ၊ နွားမည်းသည်လည်း နွားဖြူအတွက် အနှောင်အဖွဲ့မဟုတ်ပါ" ဟုဆိုသည်။ ဤတွင် စိတ္တသူကြွယ်က 'အရှင်ဘုရားတို့၊ ဤဥပမာအားဖြင့် ဤသို့သဘောပေါက်ကြရန်ဖြစ်ပါသည်။ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ မန ဟူသော အခံဓာတ်ခြောက်ပါးတို့ ရှိကြပါသည်။ ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗ၊ ဓမ္မဟူသော အတိုက်ဓာတ်ခြောက်ပါးတို့ ရှိကြပါသည်။

ဤခေတ်တစ်ဆယ့်နှစ်ပါးတို့တွင် အခံခေတ်များသည် အတိုက်ခေတ်များအတွက် အနှောင်အဖွဲ့ မဟုတ်ပါ။ အတိုက်ခေတ်များသည်လည်း အခံခေတ်များအတွက် အနှောင်အဖွဲ့မဟုတ်ပါ။ ထိုအခံခေတ်၊ အတိုက်ခေတ်တို့ ဆုံဆည်းကြခြင်းကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော သာယာတပ်မက်ခြင်း ဆန္ဒရာဂသည်သာ အနှောင်အဖွဲ့ဖြစ်၍ သံယောဇဉ်မည်ပါသည်။ အတိုက်ခေတ်၊ အခံခေတ် တစ်ဆယ့်နှစ်ပါး တို့ကား နှောင်ဖွဲ့တတ်သော တပ်မက်မှုများ၏ ကျက်စားရာ အာရုံဖြစ်၍ သံယောဇနိယ မည်ပါသည်ဘုရား”ဟု တင်ပြ လျှောက်ထားရာ ရဟန်းတော်များက “ကျောင်းဒါယကာ၊ သင်သည် နက်နဲလှစွာသော ဘုရား တရားတော်များ၌ ဉာဏ်သက်ဝင်စွမ်း ရှိပါဘိ၏။ ကျောင်းဒါယကာ၊ သင့်မှာ လူဖြစ်ကျိုး နပ်ပေစွတကား၊ သာသနာတော်ကြီးနှင့် တွေ့ရကျိုးနပ်လေစွတကား” ဟူ၍ မိန့်ဆိုကာ ရဟန်းတော်များ သာဓုခေါ်ခဲ့ကြသည်။

ဤသို့ဆိုလျှင် သံယောဇဉ် အနှောင်အဖွဲ့များကို မည်ကဲ့သို့ ဖြတ်ရမည်နည်း။

သံယောဇနပဟာနသုတ်တွင် ဤသို့ ပြဆိုထားသည်။

မျက်စိကို မမြဲဘူးဟု သိသူမြင်သူအဖို့ သံယောဇဉ် အနှောင်အဖွဲ့တို့ ပျောက်ကင်းနိုင်သည်။

အဆင်းကို၊ စက္ခုဝိညာဏ်ကို၊ စက္ခုသမ္ဖဿကို၊ စက္ခုသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာကို မမြဲဟု သိသူ၊ 



မြင်သူအဖို့ သံယောဇဉ်အနှောင်အဖွဲ့တို့ ပျောက်ကင်းနိုင်သည်။

နားကို၊ နှာခေါင်းကို၊ လျှာကို၊ ကိုယ်ကို၊ စိတ်ကို၊ သဘောတရားတို့ကို၊ မနောဝိညာဏ်ကို၊ မနောသမ္ဖဿကို၊ မနောသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာကို မမြဲဟူ၍သိသူ၊ မြင်သူအဖို့ သံယောဇဉ်အနှောင်အဖွဲ့တို့ ပျောက်ကင်းနိုင်သည်။

မျက်စိကို၊ ကိုယ် အတ္တမဟုတ်ဟု သိသူ၊ မြင်သူ အား သံယောဇဉ်အနှောင်အဖွဲ့တရားတို့သည် ပယ်ခွာ ခြင်းသို့ ရောက်ကုန်သည်။

အဆင်းတို့ကို ကိုယ် ‘အတ္တ’ မဟုတ်ဟု၊ စက္ခုဝိညာဏ်ကို၊ စက္ခုသမ္ဖဿကို၊ စက္ခုသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာကို ကိုယ် ‘အတ္တ’ မဟုတ်ဟု သိသူ၊ မြင်သူအား သံယောဇဉ် ‘အနှောင်အဖွဲ့’ တရားတို့သည် ပယ်ခွာခြင်း သို့ ရောက်ကုန်၏။

နားကို၊ နှာခေါင်းကို၊ လျှာကို၊ ကိုယ်ကို၊ စိတ်ကို၊ သဘောတရားတို့ကို၊ မနောဝိညာဏ်ကို၊ မနောသမ္ဖဿကို။ မနောသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ် လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာကို ကိုယ် ‘အတ္တ’ မဟုတ်ဟု သိသူ၊ မြင်သူအား သံယောဇဉ် ‘အနှောင် အဖွဲ့’ တရားတို့သည် ပယ်ခွာခြင်းသို့ ရောက်ကုန်တယ်။

ဤသို့ သိသူ ဤသို့ မြင်သူအား သံယောဇဉ် ‘အနှောင်အဖွဲ့’တရားတို့သည် ပယ်ခွာခြင်းသို့ ရောက်ကုန်၏။

Generated by CamScanner from intsig.com

## အခန်း (၃)

## သံယောဇဉ်မီးဖြင့် လောင်ကျွမ်းနေသူများ

### ကိသာဂေါတမီ

ဘုရားရှင်လက်ထက်က သာဝတ္ထိမြို့၌ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ပြီးသော ကိသာဂေါတမီသည် အရွယ်ရောက်၍ သူဌေးသားတစ်ဦးနှင့် အကြောင်းပါကာ သားဦးကလေးတစ်ယောက် ရရှိလာခဲ့သည်။ သားဦးကလေးသည် လမ်းလျှောက်ခါစအရွယ်၊ ချစ်စဖွယ် ဖြစ်၏။ ထိုကလေးသည် မမျှော်လင့်ဘဲ သေဆုံးသွားခဲ့သည်။

ဘဝတစ်ကွေ့တွင် ခဏသာ တွေ့လိုက်ရသည် ဖြစ်သောကြောင့် ကိသာဂေါတမီသည် ဤဘဝ၌ သေသူကို မတွေ့ဖူးမမြင်ဖူးသေးသူဖြစ်သည့်အတွက် သောကမီးကြီးစွာလောင်မြိုက်၏။ သားသေအလောင်းကိုလည်း မပစ်ရက်ဘဲရှိ၏။

သားသေကို ရင်မှာပိုက်ပြီး "အသက်ပြန်ရှင်အောင်ကုပေးနိုင်တဲ့ဆေးကိုပေးကြပါ၊ သားသေကို ရှင်အောင်ကုနိုင်တဲ့ဆေးရှိရင်ပေးကြပါ" ဟု တစ်စာစာ အော်ဟစ်လို့နေသည်။



သားအပေါ် သံယောဇဉ်တွယ်တာမှု ကြီးမားနေသဖြင့် "အရူးမ၊ အရူးမ" ဟု လူတကာကဲ့ရဲ့သည်ကိုပင် အရေးမထားနိုင်ဘဲ အိမ်စဉ်လျှောက်၍ "ရှင်ဆေး" ကို မေး၍နေသည်။

စိတ်ကောင်းရှိသူ ယောကျာ်းတစ်ယောက်ကတွေ့၍ သနားသဖြင့် မြတ်စွာဘုရားထံသွားရောက်မေးမြန်းရန် လမ်းညွှန်လိုက်သည်။ ကိသာဂေါတမီသည် သားသေအလောင်းကောင်ကို ပွေ့ပိုက်ကာ ဘုရားထံပါးအရောက်သွားခဲ့သည်။ "တပည့်တော်မရဲ့သားသေကို ရှင်အောင်ကုပေးနိုင်တဲ့ဆေးကို ပေးသနားတော်မူပါဘုရား။ တပည့်တော်မရဲ့သားသေအတွက် အသက်ရှင်ဆေး ပေးတော်မူပါဘုရား" ဟု ဟစ်အော်ငိုကြွေးလျှောက်ထားသည်။

ထိုအခါ ဘုရားရှင်က "ဆေးရလိုလျှင် လူမသေးဘူးသေးသောအိမ်မှ မုန်ညင်းစေ့အနည်းငယ် ရအောင်ယူဆောင်လာပါ" ဟု မိန့်တော်မူသည်။

ငါ့သားသာ သေရသည်မဟုတ် လူအားလုံးပင် သေကြရမည်။ ငါသာ သားနဲ့ ကွဲကွာရသည်မဟုတ်။ လူတိုင်း လူတိုင်းကွဲကွာရသည်ဟူသော အသိ အမြင်မှန်ကို ရစိမ့်သောငှာ ဘုရားရှင်က နည်းပရိယာယ်သုံး၍ မိန့်ကြားတော်မူလိုက်ခြင်းဖြစ်သည်။

ကိသာဂေါတမီသည် သားသေကို ပွေ့ပိုက်ကာ သာဝတ္ထိမြို့တွင်းသို့ဝင်၍ အိမ်စဉ်အတိုင်းဝင်ရောက်ကာ မုန်ညင်းစေ့ကိုတောင်း၏။ မုန်ညင်းစေ့ကို အိမ်ရှင်များက ပေးမည်ပြုသောအခါ "ဤအိမ်၌ သေဘူးသူ တစ်စုံတစ်ရာမျှ မရှိပါသလော" ဟူ၍မေး၏။

ဤအိမ်တွင် လူသေဘူးပါသည်ဟူသော အဖြေများကိုသာကြားရသည်။ ထိုသို့ကြားသောအခါ မုန်ညင်းစေ့ကို ပြန်၍ပေးပြီး ရှေ့ဆက်၍ တစ်အိမ်ဝင်တစ်အိမ်ထွက် မေးမြန်းတောင်းဆိုလေရာ လူသေဘူးပါသည်ဟူသော အဖြေများကိုသာ အိမ်စဉ်တစ်လျှောက် ဖြေကြားသံများကြားရသည်။ ထိုအခါတွင်မှ ကိသာဂေါတမီသည် သတိဝင်လာကာ " ဩော်၊ သေတယ်ဆိုတာ ငါ့သားတစ်ဦးတစ်ယောက်ထဲမှ မဟုတ်၊ အားလုံးသေကြသည်ချည်းပါဘဲလား၊ သားချစ်နဲ့ ကွေကွင်းရတဲ့ ဆင်းရဲဒုက္ခသည် ငါတစ်ယောက်ထဲတွေ့ကြုံရသည်မဟုတ်၊ အားလုံးတွေ့ရကြုံရပါလား"ဟူ၍ အမြင်မှန်ကိုရကာ သားသေအပေါ် သံယောဇဉ်တွယ်တာမှုပြတ်ခါ သင့်တော်ရာသို့သွား၍ သားသေကို စွန့်ပစ်သည်။

ထို့နောက် ဘုရားထံပါး သွားရောက်ခဲ့သည်။ ဘုရားရှင်က "ချစ်သမီး၊ လူမသေဘူးသေးတဲ့ အိမ်က မုန်ညင်းစေ့ရခဲ့ပြီလား" ဟူ၍ မေးတော်မူ၏။ "မရခဲ့ပါဘုရား၊ အသက်ရှင်သူအားလုံး နောက်ဆုံး၌ သေရတာချည်းဆိုသည်ကို သိမြင်ပါပြီဘုရား" ဟူ၍ ပြန်လျှောက်၏။

ဘုရားရှင်က "ချစ်သမီး၊ သင်သည် ငါ့သားသာသေ၏ဟု ထင်ခဲ့သည်။ အမှန်အားဖြင့် သေခြင်းသည် သတ္တဝါအားလုံး၏ ဘုံဆိုင်ဒုက္ခသာဖြစ်သည်" အစချီ၍ သစ္စာလေးပါး ဝိပဿနာတရားကို ဟောတော်မူသည်။

မကြာမီ ကိသာဂေါတမီသည် တရားကို နှလုံးသိမ်းပိုက်လိုက်နိုင်သည်ဖြစ်၍ သောတာပန် ဖြစ်သွား



သည်။ တဖန် ဘိက္ခုနီပြုကာ တရားအားထုတ်သဖြင့် ပဋိသမ္ဘိဒါနှင့်တကွ ရဟန္တာအဖြစ်သို့ရောက်သည်။

**ပဋာစာရီ**

ပဋာစာရီ ဟုဆိုလျှင် ညာတိဗျသန၊ ဆွေမျိုးပျက်စီးမှုကြောင့် သွက်သွက်ခါအောင် ရူးခဲ့ရသူအဖြစ် သိကြပြီးဖြစ်မည်။

ပဋာစာရီဟု ခေါ်ဆိုခြင်းမှာ အရှက်ရှိသူတို့၏ အကျင့်မှလျောကျကာ အရှက်မဲ့သူတို့၏အကျင့် ရှိသောကြောင့်ဖြစ်သည်။

အဝတ်ထဘီ ဝတ်ဆင်ခြင်းကင်းကာ လှည့်လည်သွားလာတတ်သောကြောင့်လည်း ပဋာစာရီဟု တွင်သည်။ လောကသဘာဝ ပြောင်းပြန်လုပ်သူဟု အဓိပ္ပါယ်ရှိသည်။

ပဋာစာရီသည် သာမန်ပုဂ္ဂိုလ်မဟုတ်၊ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ပြီးသော ဧတဒဂ်ပိုင်ရှင်ဖြစ်သည်။ ရဟန္တာထေရီမဖြစ်မီ ဤဘဝသည် နောက်ဆုံးဘဝဖြစ်သည်။ ဥစ္စာလည်းပေါ၊ ရုပ်လည်းချောသူဖြစ်သည်။ သူဌေးသမီးဘဝကို ရခဲ့သူဖြစ်သည်။

၁၆ နှစ် အရွယ်တွင် မိဘများက သူဌေးသားတစ်ဦးနှင့် လက်ဆက်ပေးရန် စီစဉ်သော်လည်း အိမ်၌ အစေအပါးလုပ်နေသောကျွန်ကို အခိုးခိုင်းကာ ကျွန်၏ ခိုးရာနောက်သို့ လိုက်သွားသူဖြစ်သည်။ အဆိုပါကျွန်နှင့် တောရွာတစ်ရွာတွင် ဆင်းဆင်းရဲရဲနေခဲ့ရသည်။ မိဘက မွေ့ယာခင်းပေးသော်လည်း ဆူးပေါ်သို့ ခုန်ဆင်းခဲ့သူ

ဖြစ်သည်။ စိတ်၏ပင်ကိုယ်သဘာဝကား ထင်မိထင်ရာ စိုင်းတတ်သူဖြစ်သည်။

ကိုယ်ဝန်ရင့်၍ သားဖွားခါနီးတွင် မိဘထံ ပြန်လိုသဖြင့် ခင်ပွန်းကိုပြောရာ ခင်ပွန်းက သဘောမတူ။ ခင်ပွန်းမရှိခိုက် တစ်နေ့တွင် အိမ်မှထွက်၍ပြေးသည်။ မိဘထံ ပြန်ခြင်းဖြစ်သည်။ ခင်ပွန်းသိ၍ နောက်မှ လိုက်ခေါ်ရာ လမ်းမှာပင် သားဦးကလေးမွေးသည်။ တောရွာရှိနေအိမ်သို့ ပြန်လာခဲ့ရသည်။

ဒုတိယအကြိမ် ကိုယ်ဝန်ရင့်၍ သားဖွားချိန် နီးပြန်သောအခါ မိဘထံပြန်လိုသဖြင့် ခင်ပွန်းထံ ခွင့်တောင်းရာ ခင်ပွန်းက သဘောမတူ၊ ခွင့်မပြု။ တစ်နေ့တွင် ခင်ပွန်း အိမ်၌မရှိခိုက် သားဦးကလေးကိုခေါ်ကာ မိဘထံ ပြန်လာ၏။ ခင်ပွန်းသိ၍ ခင်ပွန်းက နောက်ကလိုက်သည်။ ညမိုးချုပ်စပြုချိန် လမ်းမှာပင်ပြန်တွေ့ကြသည်။

ထိုစဉ် မိုးကြီးလေကြီး သဲသဲမဲမဲရွာသည်။ ကံဆိုးမသွားရာ မိုးလိုက်၍ရွာဟု ဆိုရမည်ဖြစ်သည်။ မိုးရွဲရွဲစို၍ ချမ်းအေးလှသည့် အချိန်တွင် ကမ္ဗဇလေက အပြင်းအထန် လှုပ်ရှားလာသည်။ သားဖွားဖို့ အရိပ်တစ်ခု လုပ်ပေးရန် ခင်ပွန်းကိုပြောသောအခါ ခင်ပွန်းက ညအခါ မိုးမှောင်ကြီးထဲ စမ်းတဝါးဝါး အမိုးအကာယိုက်ရှာရင်း တောင်ပို့တစ်ခုပေါ်က ခြုံကိုတက်ခုတ်စဉ် တောင်ပို့တွင်းက မြွေထွက်ကိုက်သဖြင့် ပွဲချင်းပြီးသေရသည်။

ပဋာစာရီသည် မိုးကြီးလေကြီးထဲမှာပင် သားဦးကလေးနှင့်အတူနေရင်း နောက်ထပ်သားငယ်ကလေးကို မွေးဖွားပြန်သည်။ တစ်ညလုံး သားနှစ်ယောက်ကို



ရင်ခွင်မှာထားပြီး ဒူးနှင့်လက်လေးဖက်ထောက်ကာ ခိုက်ခိုက်တုန် ခံစားရရှာသည်။ မနက်မိုးလင်းသောအခါ တစ်ကိုယ်လုံးဖြူဖပ်ဖြူရော်ဖြစ်၏။ ခင်ပွန်းကိုလိုက်ရှာရာ တောင်ပို့၌ လဲသေနေသည်ကိုတွေ့ရ၍ "ငါ့ကြောင့် ခင်ပွန်းသေရသည်" ဟု သွေးနုသားနုဖြင့် ပြင်းထန်စွာ ငိုကြွေး၏။

ပဋာစာရီသည် သားကြီးကိုလက်မှာဆွဲ၍ သားငယ်ကိုပွေ့ချီကာ မိဘထံပြန်လာရာ ညက ရွာသွန်းသော မိုးကြောင့် မြစ်ရေကြီးနေသည်ကိုမြင်ရသည်။

ပူဆွေးသောကဖြစ်နေ၍ ဘာကိုမှ အေးအေးဆေးဆေးမစဉ်းစားနိုင်တော့ဘဲ မြစ်ကိုဖြတ်၍ကူးသည်။ ထိုသို့ မြစ်ကိုကူးရာတွင် သားနှစ်ယောက်စလုံးကို ခေါ်မသွားဘဲ သားကြီးကို ဤဖက်ကမ်းမှာ ခဏထားခဲ့သည်။ သားကြီးဆိုသော်လည်း ဘာမှနားမလည်သေး။ သားငယ်ကိုပွေ့၍ ဟိုဖက်ကမ်းကိုကူးသည်။ ဟိုဖက်ကမ်းသို့ ရောက်သောအခါ သစ်ခက်များခင်းပြီး ကလေးကို ခဏသိပ်ထားခဲ့ကာ သားကြီးကိုခေါ်ရန် ဤဘက်ကမ်းသို့ ပြန်လာသည်။

သိန်းစွန်ကြီးသည် ပဋာစာရီမြစ်လယ်သို့ အရောက်တွင် သစ်ခက်ပေါ်တွင် သိပ်ထားခဲ့သော သားငယ်ကို အသားတုံးမှတ်ပြီး ထိုးသုတ်လေရာ ပဋာစာရီက အော်ပြီး လက်ကိုမြှောက်၍ သိန်းစွန်ကိုခြောက်သည်။ အဝေးသို့ ရောက်သွား၍ သိန်းစွန်ကမကြားဘဲ သားငယ်ကို ချီသွားသည်။ လက်မြှောက်အော်သည်ကို သားကြီးကသူ့ကိုခေါ်သည်ထင်ကာ ရေထဲသို့ဆင်းပြေးလာသည်။ ရေထဲသို့

Generated by CamScanner from intsig.com

သားကြီး မျောပါသွားသည်။ သားနှစ်ယောက်စလုံး သေကြသည်။

ပဋာစာရီ၏ရင်ဝတွင် မီးစတစ်ချောင်းသာ လောင်ကျွမ်းခဲ့ရာမှ နောက်ထပ်မီးစနှစ်ချောင်း ဟုန်းဟုန်းထ လောင်ကျွမ်းတော့သည်။

ပဋာစာရီသည် ခင်ပွန်းရော၊ သားနှစ်ယောက်စလုံးပါ သေဆုံးသဖြင့် ပူလောင်ပင်ပန်းစွာ အရူးတစ်ပိုင်း ငိုကြွေးရင်း သာဝတ္ထိမြို့ မိဘထံပြန်လာသည်။

လမ်း၌လူတစ်ယောက်နှင့်တွေ့၍ သူ့မိဘအကြောင်း မေးမြန်းရာ ညတုန်းက မိုးကြီးလေကြီးပြင်းထန်စွာ ကျရောက်ခဲ့ပြီး အိမ်ပြိုကျကာ သူဌေးကြီး ဇနီးမောင်နှံရော သားဖြစ်သူပါ အိမ်ပိ၍ သေဆုံးသွားပြီဖြစ်ကြောင်း ကြားသိရသည်။ ထိုအခါ ပဋာစာရီ၏ နှလုံးသားသည် ခံနိုင်စွမ်းမရှိတော့။ ခါးဝတ်များလျှောကျကာ ရုပ်ပျက်ဆင်းပျက် သွက်သွက်ခါရူးသွားတော့သည်။

ခြောက်လောင်းပြိုင် ဗျသနဆင်းရဲကြီးက နှလုံးသားကို တစ်ပြိုင်တည်း စူးဝင်ထိုးနှက် ဖျက်ဆီးပစ်လိုက်ခြင်း ဖြစ်သည်။

အရူးမဘဝဖြင့် ဦးတည်ရာ ထင်ရာသွားနေခဲ့ရာမှ တစ်ချိန်တွင် ဘုရားရှင်၏ဇေတဝန်ကျောင်းသို့ ရောက်ရှိသွားသည်။ ဘုရားရှင်သည် ထိုစဉ်က တရားဟောပြောလျက်ရှိသည်။ လူအများက ကျောင်းဝန်းထဲ ဝင်မလာနိုင်ရန် ဝိုင်းတားသည်။ ဘုရားရှင်က မတားမြစ်ရန် မိန့်ကြားပြီး ပဋာစာရီအနီးအပါးသို့ ရောက်သောအခါ "သတိရပါ၊ သတိရပါ" ဟု မိန့်တော်မူလိုက်ရာ ပဋိစာရီချက်ချင်းပင်



သတိရလာသည်။ ယောကျာ်းတစ်ယောက် ပေးလာသောအဝတ်ကို ချက်ချင်းဝတ်ပြီး ဘုရားအနီးသို့ ချဉ်းကပ်ကာ "မြတ်စွာဘုရား တပည့်တော်မမှာ သားလည်းသေ၊ လင်လည်းဆုံး၊ မိဘမောင်ဘွားပါ ပျက်ပြုန်းခဲ့ရပါပြီ။ သို့ဖြစ်၍ သောကမီး တစ်ဟုန်းဟုန်း တောက်နေရပါသည်ဘုရား၊ ကယ်တော်မူပါဘုရား" ဟု လျှောက်သည်။

မြတ်စွာဘုရားက "သားသမီး စသည့် ဆွေမျိုးတွေ သေဆုံး၍ ငိုခဲ့ရသည့်မျက်ရည်တို့သည် ပင်လယ်ရေမက များခဲ့လှပြီ။ သားသမီးစသူတို့သည် အားကိုးရာအစစ်မဟုတ်၊ တရားဓမ္မသည်သာလျှင် အားကိုးရာအစစ်ဖြစ်သည် ဟူ၍ မိန့်ဆိုကာ သစ္စာလေးပါး ဝိပဿနာတရားကို ဟောကြားတော်မူသည်။ ထိုအခါတွင်မှ ပဋာစာရီအရူးဘဝပျောက်၍ သောတာပန်ဖြစ်သည်။ မကြာမီ ဘိက္ခုနီလုပ်၍ တရားအလုပ် ဆက်လက်အားထုတ်သည်။

ဘိက္ခုနီဘဝ၌ တစ်နေ့တွင် ရေခပ်ပြီးခြေကို ရေဆေးရာ ခြေဆေးရန် ပထမလောင်းလိုက်သောရေသည် အနည်းငယ်စီးသွားပြီး ပြတ်သွားသည်။ ဒုတိယလောင်းလိုက်သောရေသည် ထို့ထက်ခပ်ဝေးဝေးစီးသွားသည်။ တတိယလောင်းလိုက်သောရေသည် ထို့ထက် တော်တော်ဝေးဝေးစီးသွားသည်။

ပဋာစာရီသည် ရေစီးသွားပုံကို ကမ္မဋ္ဌာန်း အာရုံအဖြစ်ယူ၍ ပထမလောင်းလိုက်သောရေကဲ့သို့ သတ္တဝါတို့သည် ပထမအရွယ်လည်း သေနိုင်သည်။ ဒုတိယ

Generated by CamScanner from intsig.com

လောင်းလိုက်သောရေကဲ့သို့ မဇ္ဈိမ အရွယ်လည်း သေနိုင်သည်။ တတိယလောင်းလိုက်သောရေကဲ့သို့ ပစ္ဆိမ အရွယ်လည်း သေနိုင်သည်ဟု တွေးမိသည်။

ဘုရားရှင်က ပဋာစာရီ၏ နှလုံးသွင်းပုံကိုထောက်ခံ၍ ကျောင်းတော်မှနေ၍ ရောင်ခြည်တော်လွှတ်ကာ အဖြစ်အပျက်ကိုမမြင်ဘဲ နှစ်တစ်ရာအသက်ရှည်ရသည်ထက် အဖြစ်အပျက်ကိုရှုလျက် တစ်ရက်တည်း အသက်ရှင်ရသည်ကမြတ်၏ဟု တရားဟောလိုက်သည်။ ခဏ္ဍာတွင် ဉာဏ်ကိုချ၍ ရှုပွားရင်း တရားနာလိုက်ရာ ပဋာစာရီသည် ပဋိသမ္ဘိဒါနှင့်တကွ ရဟန္တာအဖြစ်သို့ရောက်၏။

ပဋာစာရီသည် ဝိနည်းဆောင် ဘိက္ခုနီတို့တွင် အသာဆုံး ဧတဒဂ်ဂုဏ်ထူးချီးမြှင့်ခြင်း ခံရသူဖြစ်သည်။

## အခန်း (၄)
## သတ္တဝါတစ်ခု ကံတစ်ခု

ဝိဋကတ်လာမဟုတ်သည့် လောကီကျမ်းစာတစ်ခုက ဤသို့ဆိုသည်။

အင်္ဂမင်္ဂါ သမ္ဘဝတိ၊ ဟဒယမဝိဇာယတိ၊

အတ္တာ ဝေ ပုတ္တောနာမာတိ သဇီဝသရဒေါသတံ။

အင်္ဂမင်္ဂါ - အင်္ဂါကြီးငယ်တိုင်း၊ အင်္ဂါကြီးငယ်တိုင်းမှ၊
သမ္ဘဝတိ - ဖြစ်၏၊
ဟဒယမဝိ - စိတ်နှလုံးမှလည်း
သမ္ဘဝတိ - ဖြစ်၏၊
ပုတ္တောနာမ - သားသမီးဆိုသောအရာဝတ္ထုသည်
အတ္တာ - ငါ့ကိုယ်ပင်ဖြစ်၏၊

သားသမီး ဘယ်ကဖြစ်လာသနည်းဆိုက ပဋိသန္ဓေကမွေးရှပ်ကဖြစ်သည်။ သားသမီးဆိုသော အရာဝတ္ထုသည် မိဘနှစ်ပါးမှတဆင့် မိဘ၏စိတ်၊ ရုပ်၊ နှလုံးသားမှသည် သွေးသားထဲကဖြစ်သည်။

ထို့ကြောင့် သားသမီးသည် ငါပဲဖြစ်သည်။ သူတစ်ပါး မဟုတ်။ ငါ့နှလုံးသားက ဖြစ်လာသည့် သားသမီးဖြစ်၍ သူများမဟုတ်၊ ငါ့သားသမီးသည် ငါပဲဖြစ်သည်။

အတ္တာစေပုတ္တောနာမာတိ၊ သဇီဝသရဒေါ သတံ။

ထို ငါဆိုသည့် သားသမီးသည်၊ သရဒေါသတံ၊ အနှစ်တစ်ရာ ကာလပတ်လုံး၊ ဇီဝ - အသက်ရှည်စေသတည်း။

သားသမီးကို မိဘက မေတ္တာပို့ခြင်းဖြစ်သည်။ လောကီသဘောအားဖြင့် ယူကောင်းပါ၏။

လောကီကျမ်းစာများသည် လောကီအကျိုးငှာ ဖော်ပြရေးသားခြင်းဖြစ်သည်။ သို့သော် ပိဋကတ်စာပေအရမူ ယင်းသည် မှားယွင်းသောအယူဖြစ်သည်။

ထိုက်သင့်သော တန်ခိုးလည်းရှိ၍ ထိုက်သင့်သော အသိဉာဏ်လည်းရှိသော ဣန္ဒက နတ်ဘီလူးသည် ဘုရားရှင် လက်ထက်တော်ကာလက ဘုရားရှင်အား ဤသို့လျှောက်ထားခဲ့ဘူးသည်။

ရူပံနဇီဝန္တိဝဒန္တိဗုဒ္ဓါ။
ကထံနွယံဝိန္ဒတိမံသရီရံ။
ကုတဿအဋ္ဌိယကပိဏ္ဍမေတိ။
ကထံနွယံသဇ္ဇတိဂဗ္ဘရသ္မိံ။

ဘုရားရှင်တို့က ရုပ်ခန္ဓာကြီးကို အသက်၊ အတ္တ မဟုတ် ဟူ၍ ဟောကြားတော်မူ၏။

ဤရုပ်ခန္ဓာကြီးသည် အတ္တမဟုတ်၊ အသက်ကောင်၊ ဝိညာဏ်ကောင်ဆိုသည့် အကောင်မဟုတ် ဟူ၍ ဟော



ပြောတော်မူ၏။ ဤသို့ဆိုက သတ္တဝါသည် ဤခန္ဓာကိုယ်ကြီးကို အဘယ်ပုံအဘယ်နည်း ရရှိနိုင်ပါမည်နည်း။

အမိဝမ်းထဲ၌ရှိနေစဉ် ခန္ဓာကိုယ်ကြီးကို အဘယ်ကဲ့သို့ရနိုင်ပါမည်နည်း။ အတ္တဆိုသည့် အကောင်က ပြုပြင်ပေး၍သာ ခန္ဓာကိုယ်ကြီး ပေါ်နေခြင်းဖြစ်သည်။ ထိုသို့မှမဟုတ်လျှင် ခန္ဓာကိုယ်ကြီး ဘယ်ပုံဘယ်လို ရနိုင်ပါမည်နည်း။

သတ္တဝါအား အရိုးအသားအပေါင်းသည် အဘယ်မှ ဖြစ်ပေါ်လာနိုင်ပါမည်နည်း။

အတ္တက မပြုမပြင်ဘဲနှင့်ဆိုပါက ဤအသား၊ ဤ အရိုးတို့သည် မည်သို့မည်ပုံ ဖြစ်ပေါ်လာနိုင်ပါမည်နည်း။ အတ္တက အမိဝမ်းထဲ၌ ပြုပြင်ပေးနေ၍သာ အသား အရိုးတို့ ရလာခြင်းဖြစ်သည်။ အတ္တမရှိဘဲ မည်သို့မည်ပုံ ရနိုင်ပါမည်နည်း။

သတ္တဝါသည် စားလိုက်သမျှ အစာအဟာရလျှင် မွမွချေလိုက်၊ အမိဝမ်းတိုက်၌ မည်သို့မည်ပုံ တည်တံ့၍ နေနိုင်ပါမည်နည်း။

အတ္တဆိုသည့် အမာခံ အကောင်သာမရှိက ရုပ်ခန္ဓာကိုယ်ကြီးသည် မည်သို့မည်ပုံ အမိဝမ်းထဲ နေနိုင်ပါမည်နည်း ဟူ၍ လျှောက်ဖူး၏။

ဗုဒ္ဓမြတ်စွာ၏ ခန္ဓာကိုယ်ဖြစ်ပေါ်ပုံမှာ ဤသို့ ဖြစ်သည်။

ပဋိသန္ဓေဖြစ်ဖို့ရန် ကံတစ်ခုခုက ရှေးရှုသည်။ ကံ၏အစွမ်းကြောင့် မိဘနှစ်ပါး၏သွေးသား တည်ရှိသည်။ အမိဝမ်းထဲတွင် ပထမ ဝိညာဏ်စိတ်၊ စေတသိက်

(သုံးဆယ့်သုံးပါး) ကံကြောင့်ဖြစ်သည့် ရုပ်ကလာပ် သုံးစည်း စတင်ခြင်းဖြစ်သည်။ ဤသည်မှာ ခန္ဓာကိုယ် ကလေး၏အစ ဖြစ်သည်။

စိတ်ဝိညာဏ်၊ စိတ်ဝိညာဏ်နှင့် အတူဖြစ်သည့် စေတသိက် (သုံးဆယ့်သုံးပါး) ယင်းမှာ နာမ်တရား ခေါ်သည်။ နာမ်ခန္ဓာခေါ်သည်။ ထို့နောက် ရုပ်ကလာပ်က အထည်ကိုယ်ခန္ဓာကိုယ်ဖြစ်ဖို့ရန် ကာယဒသကကလာပ်၊ ဝတ္ထုဒသကကလာပ်၊ ဟာဒယဝတ္ထုပါသည့် ရုပ်ဆယ်ခုစုနေသည့် ကလာပ်၊ မိန်းကလေးဖြစ်က ဣတ္ထိဘာဝရုပ်ကလာပ်၊ ယောက်ျားကလေးဖြစ်က ပုရိသဘာဝရုပ်ကလာပ်၊ ကာယ၊ ဘာဝ၊ ဝတ္ထုကလာပ်သုံးစည်း။

ပဋိသန္ဓေစိတ်၊ စေတသိက်၊ ရုပ်ကလာပ် စည်း သုံးစည်း တစ်ပြိုင်တည်းဖြစ်သည်။

ထိုသို့ဖြစ်လာခြင်းသည် ကံကြောင့် ဖြစ်လာခြင်း ဖြစ်သည်။ ကံကြောင့် ယောက်ျားမိန်းမ ခွဲခြားချက်လည်း မူလကတည်းက ကွဲလာခဲ့ခြင်းဖြစ်သည်။ ကံကြောင့် နပုံးပဏ္ဍုက်၊ ဥဘတောဗျည်းဖြစ်ခြင်းလည်း အကျုံးဝင်သည်။

ယင်းမူလအစ ကာလရေကြည်ဖြစ်သည်။ ခုနစ်ရက်လုံးလုံး ကာလရေကြည်ဖြစ်သည်။ ခုနစ်ရက်ပြည့်ပြီးနောက် ရေမြှုပ်ကလေးဖြစ်လာသည်။ အဆိုပါ အနေအထားတွင် အမိဝမ်းထဲလေမကောင်းက လေကြောင့် သေသွားနိုင်သည်။ သားအိမ်ထဲက ပိုးကြောင့်လည်း သေသွားနိုင်သည်။ အဘယ်မျှလောက်မှ မမြဲသည့် သဘော ဖြစ်သည်။



ဣန္ဒကနတ်ပြောသကဲ့သို့ အတ္တမရှိ၊ အတ္တက မဖန်တီး၊ အတ္တက စီမံခြင်းမဟုတ်၊ ကံအကြောင်းက စီမံခြင်းသာဖြစ်သည်။

သုံးသတ္တာဟလောက်အတွင်း ရောက်သောအခါ အမြှုပ်ကလေးသည် အသားတစ်ကလေး ဖြစ်လာသည်။ မြင်သာသည့်သဘော တွေ့ရသည်။ အဟာရဇရုပ် ပေါ်လာသည်။

ပထမဆုံးသတ္တာဟကာလက ရုပ်ကလာပ်သုံးစည်း ပါလာစဉ်က အာဟာရဇရုပ် မဖြစ်ပေါ်သေး၊ အစာအာဟာရကြောင့် ဖြစ်လာခြင်းမဟုတ်။ ကံကြောင့် ဖြစ်လာခြင်းသာဖြစ်သည်။

အမိဝမ်းထဲတွင် ဥတုငွေ့တွေရှိသည်။ ထို့ကြောင့် ဥတုကြောင့်ဖြစ်သည့် ရုပ်ကလာပ်များ ပါဝင်လာသည်။ ကံကြောင့်ဖြစ်သော ရုပ်ဥတုကြောင့်ဖြစ်သည့် ရုပ်၊ စိတ်ကြောင့်ဖြစ်သောရုပ်များ ပါဝင်လာသည်။

တတိယသတ္တာဟ အရောက်တွင် အသားတစ်ကလေးဖြစ်၍နေပြီ။ ထိုအခါ အမေစားသည့်အစာသည် ကလေး၏ ခန္ဓာကိုယ်ထဲ အစာအာဟာရထိလာသည်။ တော်တော်လေးကြာသည့်အခါ ချက်ကြိုးကလေး ပေါ်လာကာ ချက်ကြိုးမှဆက်သွယ်ပြီး ဝမ်းထဲအထိဝင်သည်။ ဤနည်းဖြင့် ကလေးသည် အစရလာသည်။

ထိုအချိန်တွင် ကလေးအမေ လိမ္မာဖို့ဖြစ်သည်။ အမေသည် အပူအစပ်အစားလွန်ကဲက လွန်စွာနူနယ်သည့် ရုပ်ထဲ အပူအစပ်တွေဟပ်သည်။ အမေက မြိုးမြဲ သည့်အတွက် အစာကြောင့် ရုပ်အားနည်းက ကလေး

ရုပ်အားနည်းသည်။ အမေက အစာကြောင့် ရုပ်အား ရှိလျှင် ကလေး ရုပ်အားရှိသည်။

အမေစားသည့် အစာအာဟာရဖြင့် ကလေးသည် မျှတပြီး ကံကြောင့်ဖြစ်သည့်ရုပ်များ တိုးတိုးလာသည်။ ဥတုကြောင့်ဖြစ်သည့် ရုပ်များထပ်ထပ်တိုးသည်။ စိတ်ကြောင့် ဖြစ်သည့်ရုပ်များ မှန်မှန်ကလေးတိုးလာသည်။ အာဟာရကြောင့်ဖြစ်သည့်ရုပ်သည် အမေက အစား ကောင်းကောင်းစားလျှင် စားသလောက် ကလေး၏ ရုပ်ကလေးများ ထွားကျိုင်းသည်။ အမေ အစာအာဟာရ ချို့တဲ့လျှင် ချို့တဲ့သလောက် ကလေး၏ရုပ်ကလေးများ ခပ်လှိုလှို ဖြစ်သည်။

ခက်မငါးဖြာဟု ဆိုသည့်အလျောက် ငါးပတ်လောက် အရောက်တွင် မာလာသော ကိုယ်ကလေး၊ ခေါင်း၊ လက်၊ ခြေ ပေါ်လာသည်။

ယင်းသို့ဖြစ်ပေါ်ခြင်းသည် ကက္ကနတ်ပြောသကဲ့သို့ အတ္တကပြုပြင်ပေးနေခြင်းမဟုတ်။ ကံ၊ စိတ်၊ ဥတု၊ အာဟာရလေးပါးက ပြင်နေခြင်းဖြစ်သည်။

မီးဖွားသောအခါ အမေသည် တပင်တပန်းကြီး မွေးဖွားပေးရသည်။ အတိုက်အခိုက်မခံနိုင်က ကလေး အသက်မရှင်ဟတ်။ (၁၀) လမျှ အတိုက်အခိုက်ကလေး များကို ခံနိုင်၍ အသက်ရှင်နိုင်ခြင်းဖြစ်သည်။

သို့ဖြစ်ရာ ကက္ကနတ်ထင်သကဲ့သို့ အတ္တကလေးက ခန္ဓာကိုယ်ကလေးကို ပြုပြင်စီမံပေးနေသည်ဆိုခြင်းမှာ မဟုတ်။ ကံက စီမံပေး၍ စိတ်ကြောင့်၊ ဥတုကြောင့်၊ အာဟာရကြောင့် ရုပ်များ ကြီးပြင်းလာခြင်းဖြစ်သည်။



သတ္တဝါတစ်ခု မွေးဖွားလာခြင်း၊ သတ္တဝါတစ်ခု သေဆုံးသွားခြင်းသည် စင်စစ် သတ္တဝါတစ်ခု ကံတစ်ခု ပင် ဖြစ်ချေ၏။

Generated by CamScanner from intsig.com

## အခန်း (၅)
## ခန္ဓာငါးပါးနှင့်ယှဉ်သော သံယောဇဉ်

ရုပ်၊ ဝေဒနာ၊ သညာ၊ ဝိညာဉ်ဟူသော ခန္ဓာလေးပါးသည် သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌ ယှဉ်စေတတ်သည့် သံယောဇဉ် မမည်ပေ။

အချို့သော သင်္ခါရက္ခန္ဓာသည် သံယောဇဉ်မည်၏။ အချို့သောသင်္ခါရက္ခန္ဓာသည် သံယောဇဉ်မမည်။

ရူပက္ခန္ဓာသည် သံယောဇဉ်၏အာရုံဖြစ်သည်။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် သံယောဇဉ်၏ အာရုံဖြစ်သည်။ (လောကီစိတ္တုပ္ပါဒ် နာမ်ခန္ဓာလေးပါး) အချို့သော နာမ်ခန္ဓာလေးပါးတို့သည် သံယောဇဉ်၏ အာရုံမဟုတ်ကုန်။ (လောကုတ္တရာစိတ္တုပ္ပါဒ် နာမ်ခန္ဓာလေးပါး)

ရူပက္ခန္ဓာသည် သံယောဇဉ်နှင့် မယှဉ်ချေ။

အချို့သောနာမ်ခန္ဓာလေးပါးတို့သည် သံယောဇဉ်နှင့်ယှဉ်ကုန်၏။ (ဥစ္စွသဟဂုတ်စိတ်၌ရှိသည့် မောဟ ပြန်သော အကုသိုလ် စိတ္တုပ္ပါဒ်နာမ်ခန္ဓာလေးပါး)

Generated by CamScanner from intsig.com

အချို့သောနာမ်ခန္ဓာလေးပါးတို့သည် သံယောဇဉ်နှင့် မယှဉ်ကုန်။ (ကြွင်းသောနာမ်ခန္ဓာလေးပါး)

ရူပက္ခန္ဓာကို သံယောဇဉ်လည်းမည်၍ သံယောဇဉ်၏အာရုံလည်းဖြစ်၏ဟု မဆိုအပ်ချေ။ (ရူပက္ခန္ဓာ) သည် သံယောဇဉ်၏အာရုံသာဖြစ်၍ သံယောဇဉ်မမည်ချေ။

(ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို သံယောဇဉ်လည်းမည်၍ သံယောဇဉ်၏ အာရုံလည်း ဖြစ်၏ဟု မဆိုအပ်ကုန်။

အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါး တို့ကို သံယောဇဉ်၏အာရုံသာဖြစ်၍ သံယောဇဉ် မမည်။ (လောကီစိတ်နှင့် ၎င်း၍ရှိသော ဝေဒနာ၊ သညာ)။ အချို့သော (ဝေဒနာ၊ သညာ၊ ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို သံယောဇဉ်၏ အာရုံသာဖြစ်၍ သံယောဇဉ်မမည်ဟု မဆိုအပ်ကုန်။ (လောကုတ္တရာစိတ်နှင့် ၎င်း၍ရှိသော ဝေဒနာ, သညာ ခန္ဓာသုံးပါး)။

အချို့သော သင်္ခါရက္ခန္ဓာသည် သံယောဇဉ်လည်း မည်၍ သံယောဇဉ်၏အာရုံလည်းဖြစ်၏။ (သံယောဇဉ် ၁၀-ပါး)။

အချို့သော သင်္ခါရက္ခန္ဓာသည် သံယောဇဉ်၏ အာရုံ သာ ဖြစ်၍ သံယောဇဉ်မမည်ချေ။ (သံယောဇဉ် ၁၀-ပါး ကြဉ်သော လောကီသင်္ခါရက္ခန္ဓာ)။

အချို့သော သင်္ခါရက္ခန္ဓာကို သံယောဇဉ်လည်း မည်၍ သံယောဇဉ်၏ အာရုံလည်းဖြစ်၏ ဟူ၍ လည်း ကောင်း၊ သံယောဇဉ်၏အာရုံသာဖြစ်၍ သံယောဇဉ်



မမည် ဟူ၍လည်းကောင်း မဆိုအပ်ချေ။ (လောကုတ္တရာ သင်္ခါရက္ခန္ဓာ)။

ရူပက္ခန္ဓာကို သံယောဇဉ်လည်းမည်၍ သံယောဇဉ် နှင့်လည်းယှဉ်၏ဟူ၍လည်းကောင်း၊ သံယောဇဉ်နှင့်သာ ယှဉ်၍ သံယောဇဉ် မမည်ဟူ၍လည်းကောင်း မဆို အပ်ချေ။ (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို သံယောဇဉ်လည်းမည်၍ သံယောဇဉ်နှင့်လည်း ယှဉ်၏ ဟူ၍ မဆိုအပ်ကုန်။

အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါး တို့သည် သံယောဇဉ်နှင့်သာ ယှဉ်၍ သံယောဇဉ် မမည်ကုန်။ (အကုသိုလ်စိတ်နှင့် ၎င်း၍ရှိသော ဝေဒနာ, သညာ)။

အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါး တို့ကို သံယောဇဉ်နှင့်သာယှဉ်၍ သံယောဇဉ်မမည်ဟု မဆိုအပ်ကုန်။ (သံယောဇဉ်နှင့် မယှဉ်သော ကုသိုလ် ဝိပါက် ကြိယာစိတ်တို့၌ရှိသည့် ဝေဒနာ, သညာ, ဝိညာဉ်)။

အချို့သော သင်္ခါရက္ခန္ဓာသည် သံယောဇဉ်လည်း မည်၍ သံယောဇဉ်နှင့်လည်းယှဉ်၏။ (သံယောဇဉ် ၁၀-ပါး)။

အချို့သော သင်္ခါရက္ခန္ဓာသည် သံယောဇဉ်နှင့်သာ ယှဉ်၍ သံယောဇဉ် မမည်ချေ။ (သံယောဇဉ်တရား တို့ကြဉ်သည့် အကုသိုလ်စိတ်တို့နှင့်ယှဉ်သော သင်္ခါရက္ခန္ဓာ စေတသိက်များ)။

အချို့သော သင်္ခါရက္ခန္ဓာကို သံယောဇဉ်လည်း မည်၍ သံယောဇဉ်နှင့်လည်း ယှဉ်၏ဟူ၍လည်းကောင်း၊

Generated by CamScanner from intsig.com

သံယောဇဉ်နှင့်သာယှဉ်၍ သံယောဇဉ်မမည်ဟူ၍လည်းကောင်း မဆိုအပ်ချေ။ (သံယောဇဉ်နှင့်မယှဉ်သော ဥဒ္ဓစ္စသဟဂုတ်စိတ်၌ ရှိသော မောဟ, ကုသိုလ် ဝိပါက် ကြိယာစိတ်တို့၌ရှိသော သင်္ခါရက္ခန္ဓာ)။

ရူပက္ခန္ဓာသည် သံယောဇဉ်နှင့် မယှဉ်မူ၍ သံယောဇဉ်၏ အာရုံသာဖြစ်၏။

အချို့သော နာမ်ခန္ဓာလေးပါးတို့သည် သံယောဇဉ်နှင့် မယှဉ်မူ၍ သံယောဇဉ်၏ အာရုံသာဖြစ်ကုန်၏။ (လောကီကုသိုလ်, ဝိပါက်, ကြိယာနာမ်ခန္ဓာလေးပါး)။

အချို့သော နာမ်ခန္ဓာလေးပါးတို့သည် သံယောဇဉ်နှင့်လည်း မယှဉ်မူ၍ သံယောဇဉ်၏အာရုံလည်း မဟုတ်ကုန်။ (လောကုတ္တရာ နာမ်ခန္ဓာလေးပါး)။

အချို့သော နာမ်ခန္ဓာလေးပါးတို့ကို သံယောဇဉ်နှင့်မယှဉ်မူ၍ သံယောဇဉ်၏အာရုံ မဟုတ်ဟူ၍လည်းကောင်း မဆိုအပ်ကုန်။ (သံယောဇဉ်နှင့်ယှဉ်သော နာမ်ခန္ဓာလေးပါး - ဥဒ္ဓစ္စသဟဂုတ်စိတ်၌ရှိသော မောဟ ကြဉ်သည့် အကုသိုလ်နာမ်ခန္ဓာလေးပါး)။

ကျမ်းကိုးစာရင်း

၁။ အင်္ဂုတ္တိုရ်ပါဠိတော်မြန်မာပြန် သံယောဇနသုတ်

၂။ ဓမ္မသင်္ဂဏီပါဠိတော်မြန်မာပြန် သညောဇနဂေါစ္ဆက၊ သညောဇနဒုက်

၃။ သဠာယတနဝဂ္ဂသံယုတ်ပါဠိတော်မြန်မာပြန် စိတ္တသံယုတ်၊ သံယောဇနသုတ်

၄။ သံယောဇနပဟာနသုတ် သံယောဇနသမုဂ္ဃါတသုတ်

၅။ အဘိဓမ္မာဝိဘင်း ပါဠိတော်မြန်မာပြန်

၆။ ဦးရွှေအောင် (ဗုဒ္ဓလောကသားတို့၏ အနှိုင်းမဲ့ ကျေးဇူးရှင်)

Generated by CamScanner from intsig.com